# ဇီးကုန်းကျေးရွာ

## ၇မိုင်ကျေးရွာအုပ်စု ၊ မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ – ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဇီးကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ဇီးကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ **ရေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၃

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်

ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘာ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
ဖီးကုန်းကျေးရွာ<br>
မိုးညှင်းမြို့နယ်

ဇီးကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့်ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ကချင်ပြည်နယ်၊မိုးညှင်းခရိုင်၊ဟိုပင်မြို့နယ်ခွဲဟိုပင်-အင်းတော်ကြီးကားလမ်းဘေးတွင် တည်ရှိပြီးဟိုပင်မြို့နှင့်(၈)မိုင်ကွာဝေးပါသည်။ ကျေးရွာပတ်ပတ်လည်တောင်တန်းများရှိပြီး ကျေးရွာချင်းဆက်လမ်းများမှာယခင်ကထက်အဆင်ပြေချောမွေ့လာပါသည်။

ကျေးရွာတွင်မိုးတွင်း၌တောင်ကျချောင်းရေသည် အားသန်သောကြောင့် ကမ်းပါးများပြိုကျတတ်ပါသည်။တောင်ပေါ်မှစီးဆင်းလာသောရေများနှင့်အတူသဲ၊ကျောက်များမျောပါလာတတ်သဖြင့်ကျပမ်းအလုပ်သမားများအတွက်ကျောက်ခွေခြင်း၊သဲတိုက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြသည်။ သောက်သုံးရေမှာ မိုးရာသီနှင့်ဆောင်းရာသီတို့တွင်လုံလောက်စွာရရှိသုံးစွဲနိုင်သော်လည်း နွေရာသီတွင် အနည်းငယ်အခက်အခဲများကြုံတွေ့ရတတ်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားထားရသောကြောင့် မိုးစပါးတမျိုးတည်းသာစိုက်ပျိုးနိုင်ကြသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးမြေများတစ်နေရာနှင့်တစ်နေရာမတူညီကြပေ။မြေရိုင်း ကိုင်းတောများကိုခုတ်ထွင် ရှင်းလင်း၍ စိုက်ပျိုးကြရသည်။မြေဆီလွှာကောင်းသောနေရာများမှာကျေးရွာသူရွာသားများပိုင်ဆိုင် သောလယ်ဧကများ၏သုံးပုံတစ်ပုံမျှသာရှိသည်။ မိုးရာသီတွင်စပါးကိုအဓိကစိုက်ပျိုးပြီးလယ်သိမ်းပြီး ချိန်တွင်မြေပဲ၊ပဲငပိနှင့်အခြားသီးနှံများကိုနေရာဒေသအလိုက်စိုက်ပျိုးကြသည်။

လယ်ယာမြေမရှိသော တောင်သူလယ်သမားများသည် တောတောင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေတူးဖော်ကြရသည်။ တောင်ပေါ်တွင်ဆန်စပါးကိုအနည်းငယ်စိုက်ပျိုးကြပြီးအခြားသော ဝင်ငွေရလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြသည်။ (ဥပမာ-မျှစ်ချိုး၊တောအုန်းခုတ်ခြင်း)တောင်ပေါ်ဒေ သများတွင်ကျွန်းစိုက်ပျိုးခြင်းကိုလည်းလုပ်ကိုင်ကြသည်။တောထဲမှရရှိသော သစ်များကိုအဆောက်အအုံပရိဘောဂများပြုလုပ်ရန်အတွက်အသုံးပြုကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာ၏လူဦးရေမှာကျား(၃၄၄)၊မ(၃၆၈)ဦးဖြင့် လူဦးရေပေါင်း(၇၁၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းဖြင့်နေထိုင်ကြသည်။အလုပ်လုပ်နိုင်သောလူဦးရေအရွယ်သည်လူဦးရေပေါင်း၏(၆၈%)ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။အလုပ်လုပ်နိုင် သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ပိုမိုခိုနေရသည့်လူဦးရေ(၄၂%)ခန့်ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းလျက်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၁၀%)ခန့်သည်အဆင်ပြေသောအိမ်ထောင်စု၊ ၃၇ရာခိုင်နှုန်းသည် အလယ်အလတ်အိမ်ထောင်စုဖြစ်ပြီ(၅၃) ရာခိုင်နှုန်းသည်ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဟုသတ်မှတ်ပါသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင်လယ်ယာပိုင်ဆိုင်မှုသည် အိမ်ထောင်စုတိုင်းနီးပါးလယ်ယာလုပ်ငန်း လုပ်ကိုင်ကြသော ကြောင့်အသုံးပြုရန်စက်ကရိယာများဖြစ်သောကျွဲ၊နွား၊လယ်ထွန်စက်၊ရေစုပ်စက်၊ခြွေလှေ့စက်အစရှိသည်တို့ သည်ကျေးရွာတွင်အလျှဉ်မမီခြင်း၊ လယ်ယာလုပ်ကိုင်သူများ ပိုင်ဆိုင်မှုနည်းပါးခြင်း၊ စိုက်ပျိုးရေမလုံလောက် ခြင်း တို့ကြောင့်အဆင်ပြေသည်ဟုမဆိုနိုင်ပေ။ ချောင်လည်သောမိသားစုနှင့်အလယ်အလတ် ချောင်လည် သောမိသားစုအချို့သာအဆင်ပြေပြေလုပ်နိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ အခက်အခဲများကြုံတွေ့နေရ သည်။လယ်သိမ်းပြီးချိန်တွင် ကျပမ်းအလုပ်များဖြစ်သောလက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်များ တွင်အငှားလုပ်ကိုင်ခြင်း၊အသေးစားအိမ်တွင်းလက်မှုလုပ်ငန်းများလုပ်ကိုင်ကြသည်။

အခြားထိခိုက်လွယ်မှုများမှာရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များသည်လိင်မှတဆင့်ကူးစက်တတ်သည့်ရောဂါများအရက် နှင့်မူးယစ်ဆေးဝါး သုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။ယခုနှစ်ပိုင်းတွင်မူးယစ်ဆေးဝါးသုံးစွဲသူများ အလွန်များပြားလာသည်။ မူးယစ်ဆေးသုံးစွဲသူများ၏မိသားစုများမှာစားဝတ်နေရေးအတွက်အခက်အခဲများနှင့်ရင်ဆိုင်နေရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။ ယခုနှစ်ပိုင်းတွင်ကလေး ငယ်အများစု မှာဝမ်းပျက်ဝမ်းလျှောအနည်းငယ်ဖြစ်ပွားလေ့ရှိကြသည်။ အမျိုးသမီးအဖွဲ့များမှလည်း တစ်လတကြိမ်ခန့် ကလေးငယ်များအားအဟာရတိုက်ကျွေးလေ့ရှိကြသည်။လူငယ်လူရွယ်များမှ လည်းနေ့ကြီးရက်ကြီးများတွင် သက်ကြီးရွယ်အိုများကိုတကိုယ်ရည်သန့်ရှင်းရေးများပြုလုပ်ပေးခြင်းဖြင့်လည်းကုသိုလ်ယူလေ့ရှိကြသည်။

**(င) ပညာရေးနှင့် ကျန်းမာရေး**

ကျေးရွာ၏ပညာရေးအဆင့်မှာ အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ကျေးရွာသူရွာသားတို့သည် အရေးအဖတ်အတွက်တို့ကို အသင့်အတင့်တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အလွန်နည်းပါးပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းကို တက်ရောက်သင်ကြားနိုင်ကြသည်။ ကျောင်းသား/သများအတွက်စာသင် ခန်းမလုံလောက်ပေ။လူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးနေဆဲဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင်ကျားမရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာအပေါ် တာဝန် ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းအရမောင်တစ်ထမ်းမယ်တစ် ရွက်အဖြစ် ကောင်းမွန် စွာ တာဝန်ယူဆောင်ရွက်ကြသည်။ ကျေးရွာတွင်ကျားနှင့်မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု များနှင့်ခွဲခြားဆက်ဆံခြင်းများမတွေ့ရပေ။

ကျေးရွာတွင်အမျိုးသားအမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့် အခြားသောနယ်ပယ်များ တွင်အခွင့်အရေးတူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သောကိစ္စရပ်များတွင်မူမူလတန်း နှင့်အလယ်တန်း အဆင့်များတွင်အမျိုးသားဦးရေပိုမိုများပြားနေသော်လည်းအထက်တန်းဘွဲ့ရများ တွင်အမျိုးသမီးဦးရေ ပိုမို များပြားနေသည်။ပညာသင်ယူမှုဆိုင်ရာတွင်လည်း အမျိုးသမီးများသည်အ မျိုးသားများနှင့်အခွင့်အရေး တန်းတူပင်ဖြစ်သည်။ ကျေးရွာ၏လုပ်ငန်းအသီးသီးလုပ်ကိုင်ရာတွင်မည် သည့်နေရာတွင်ဖြစ်စေ အမျိုးသမီး များထက်အမျိုးသားများကလုပ်အားခငွေပိုမိုရရှိကြသည်။ အားစိုက်ထုတ်မှုချင်းတူသော်လည်း အမျိုးသမီး

များ၏လုပ်အားခသည်အမျိုးသားများထက်လျော့နည်း သည်။သို့သော်တဖြေးဖြေးဖြင့် အုပ်ချုပ်ရေးအဖွဲ့ အစည်းများတွင် အမျိုးသမီးတို့၏လုပ်အားပါဝင်မှု အတော်အသင့်ကောင်းလာပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်စီးပွားရေး၊လူမှုရေး၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်း ထားသည်မှာအထင်အရှားပင်ဖြစ်ပါသည်။ လူမှုရေးဆိုင်ရာကိစ္စရပ်များတွင်အမျိုးသားများနှင့် အမျိုးသမီး များသည်တန်းတူညီတူပါဝင်ဆောင်ရွက်လာကြသည်။ နာရေးကူညီမှုအသင်းကိုလည်းဖွဲ့ စည်းထားပြီး လုပ်ဆောင်ရန်စီစဉ်နေဆဲဖြစ်သည်။ ငွေစုငွေချေးအဖွဲ့အစည်းကိုကျေးရွာတွင်း၌ပင်ဖွဲ့ စည်းထားရှိပြီး စားဝတ်နေရေးလည်ပတ်အောင်ဆောင်ရွက်လျက်ရှိပါသည်။ထိုအဖွဲ့အစည်းများမှာတစ်ခုနှင့်တစ်ခုချိတ်ဆက် နေပြီးတစ်ဖွဲ့နှင့်တစ်ဖွဲ့ကိုင်းကျွန်းမှီကျွန်းကိုင်းမှီနေထိုင်နေရပါသည်။ကျေးရွာရှိအဖွဲ့အစည်းများ၏အုပ်ချုပ်မှု ဆိုင်ရာကဏ္ဍသည်လည်းအတော်သင့်တိုးတက်လာပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်ဆန်စပါးကိုအဓိကစိုက်ပျိုးကြသည်။ မိုးစပါးကိုသာ အားထားစိုက်ပျိုးကြပြီး ကျန်ဆောင်းရာသီနှင့်နွေရာသီတို့တွင်အခြားသီးနှံများဖြစ်သောမတ်ပဲ၊နွေပဲ၊တန်ဆောင်မုန်းပဲနှင့်အခြားသော ဟင်းသီးဟင်းရွက်သီးနှံများစိုက်ပျိုးကြသည်။မိုးစပါးစိုက်ပျိုးကြသည့်ကေ(၈၈၅)ကေကျော် ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ လိုအပ်ပါသည်။ စိုက်ပျိုးရေးအတွက်လိုအပ်သော ပစ္စည်းကိရိယာများကိုကုမ္ပဏီများမှအရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။ တောင်သူလယ်သမား အများစုသည်ကျွဲ၊နွား မလုံလောက်ခြင်းအချိန်နှောင်းမှစိုက်ပျိုးရခြင်း၊ လယ်ယာသုံးစက် ပစ္စည်းများ ဝယ်ယူ နိုင်ရန်ငွေကြေးမလုံလောက်ခြင်းတို့ကြောင့် စပါးအထွက်နှုန်းနည်းကြရသည်။စပါး စိုက်ပျိုးရာတွင်လည်း တစ်ဆင့်စိုက်ပျိုးရခြင်းကြောင့် ကုန်ကျစရိတ်ပိုမိုများပြားရသည်။ ရာသီဥတုကြောင့်လည်း ဖျက်ပိုးများ ကျရောက်တတ်ကြသည်။လယ်ကေအများအပြားပိုင်ဆိုင်ကြသောလယ်သ မားများသည်လည်း လုပ်ငန်း အလျဉ်မီရန် လုပ်သားများငှားရမ်းရသည်။ လုပ်သားငှားရမ်းခမှာ တောင်သူလယ်သမားများ ရသင့်ငွေ၏ ထက်ဝက်ခန့်ပင်ဖြစ်သည်။

ကျေးရွာတွင်ကြက်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုများသည် ကျေးရွာရှိအိမ်ထောင်စုများ၏ ထက်ဝက်ခန့်ပင်ရှိသည်။ တစ်ပိုင်တစ်နိုင်ဝက်မွေးမြူခြင်း လုပ်ငန်းကိုလည်း အိမ်တိုင်းနီးပါးလုပ်ကိုင်ကြ သည်။ တိရိစ္ဆာန်များရာသီအလိုက်ဖြစ်တတ်သောရောဂါများကိုမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကာကွယ် ဆေးလာရောက်ထိုးပေးလေ့ရှိကြသည်။ မိုးရာသီတွင် အများဆုံးဖြစ်ပွားလေ့ရှိပြီးတစ်ခါ တစ်ရံသေသည် အထိဖြစ်ပွားတတ်သည်။ လယ်၊ယာလုပ်ငန်းလုပ်ကိုင်ရန်ကျွဲ, နွားတို့ကိုမွေးမြူကြသည်။ငါးမွေးမြူရေး လုပ်ငန်း အတွက်ငွေကြေးမလုံလောက်ခြင်း၊နေရာကောင်းမရှိခြင်းတို့ကြောင့်လုပ် ကိုင်ကြခြင်းမရှိပေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပေ။ အခြားဝင်ငွေရလုပ်ငန်းများမှာဈေးရောင်း၊ လက်သမားပန်းရံ၊နေ့စားလုပ်သား၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊အစိုးရဝန်ထမ်း များတို့လုပ်ကိုင် ကြသည်။ ကျေးရွာတွင်ရာသီအလိုက်လုပ်ကိုင်ကြသောလုပ်ငန်းများမှာနေ့စားလက် လုပ်လက်စားများ ဖြစ် ကြသည်။ အများဆုံးစိုက်ပျိုးရာသီများတွင်သာလုပ်ကိုင်နိုင်ကြသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်လူဦးရေများပြားပြီးအခြေအနေမှာကျေးရွာအတွက် အလား အလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်မြို့ပေါ် တွင်သင်တန်း တက်ရောက်နိုင်ရန်ဝန်ဆောင်မှုပေးသော လုပ်ငန်းအဖွဲ့များလည်းရှိသော်လည်း အိမ်ထောင်စုအများစုမှာ ငွေကြေးမတတ်နိုင်မှုတို့ကြောင့်အလုပ်လက်မဲ့ဦးရေများပြားလာရသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာ၏ပတ်ဝန်းကျင်မှာ တောင်ကုန်းတောင်တန်းများ ဝိုင်းရံထားပြီး ယခင်ကသစ်ပင်များဖြင့် စိမ်းစိုနေခဲ့သော်လည်းသစ်ခုတ်ခြင်းများကြောင့်တဖြည်းဖြည်းပြုန်းတီးလာပါသည်။ရာသီဥတုလည်းတစ်နှစ်ထက်တစ်နှစ်ဖောက်ပြန်ဆိုးဝါးလာပါသည်။ မိုးရွာသွန်းမှုမမှန်ခြင်း၊ မိုးခေါင်ခြင်းများ ကြောင့်တောင်သူလယ်သမားများဒုက္ခရောက်ကြရသည်။ဓာတုပစ္စည်းများဖြင့်ထုတ်လုပ်သည့် ဓာတ်မြေဩဇာများ သုံးစွဲခြင်းကြောင့်မြေဆီလွှာများတဖြည်းဖြည်းညံ့ဖျင်းလာကြသည်။ စွန့်ပစ်အမှိုက်များ ကိုစနစ်တကျ မစွန့်ပစ်ခြင်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပေါ်ရသည်။ သစ်ပင်များ မပြုန်းတီးအောင် ကာကွယ်ရန်လိုအပ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေကို(၁၂)လ၊အတိုးနှုန်း(၅ကျပ်)ဖြင့်တစ်ကေလျင်(၁၀၀၀၀၀)၊ အများဆုံး(၁၀)ဧကအတွက်ချေးယူနိုင်ကြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နည်းတူအခြားသမချေးငွေများလည်းထုတ်ချေးနိုင်ကြသည်။ဆွေမျိုးမိတ်ဆွေများထံမှအတိုးမဲ့ဖြင့်လည်းထုတ်ချေးထားကြသည်။

ကျေးရွာသားအများစုသည်(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)စသည်တို့အတွက်ချေးယူကြသည်။အထူးသဖြင့်စားနပ်ရိက္ခာအတွက်နှင့်လယ်ယာလုပ်ငန်းများအတွက်ချေးယူကြပြီးကျေးရွာတွင်းချေးငွေလိုအပ်ချက်များရှိသေးသည်။ကျေးရွာတွင်းအကြွေးတင်ရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများတို့သည်(၁၀၀၀၀)မှ(၁၀၀၀၀၀)ကျပ်ထိတင်ရှိနေကြသည်။အကြွေးတင်ရှိနေသည့်အိမ်ထောင်စုအားလုံး၏(၈၅%)ခန့်သည်ကျပ်(၅၀၀၀၀၀)အောက်ချေးယူထား ကြပြီး(၁၅%)ခန့်သည်ကျပ်(၅၀၀၀၀၀)အထက်ချေးယူထားကြောင်းတွေ့ရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်အလယ်တန်းကျောင်းထိသာရှိသဖြင့်အထက်တန်းကျောင်းကိုအခြားကျေးရွာနှင့်မြို့ပေါ်ကျောင်းများသို့ပြောင်းရွှေ့တက်ရောက်ကြရသည်။ကျောင်း၏ အားကစားကွင်းသည် အလွန်ကျဉ်းမြောင်းပါသည်။ကျောင်းဝင်းသည်အဆောက်အဦများဖြင့်သာပြည့်နေသည်။အလယ်တန်းကျောင်းဆောင်ကိုပြန်လည်မွမ်းမံနေဆဲဖြစ်ပါသည်။ ရွာသားအားလုံးတို့သည်ရေးတတ်ဖတ်တတ်အဆင့်ရှိကြသည်။ ဘွဲ့ကြိုကျောင်းပညာရေးတက်ရောက်ခဲ့သူများလည်းရှိသည်။ မူလတန်းတွင်ဆရာ မများမလုံလောက်၍ ကျေးရွာမှ ခန့်ထားရသည်။ကျောင်းသား/သူဦးရေသည်တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာသည်။ကျောင်းဖွင့်ချိန်တွင်ကျောင်းသားကျောင်းသူများအတွက်ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များနှစ်စဉ်အခမဲ့ဖြန့်ဝေပေးပါသည်။

ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းမရှိသဖြင့်အခြားသောမြို့များသို့သွားရောက်ကုသကြရသည်။ ဆေးပေးခန်းဆောက်လုပ်ရန်မြေနေရာရရှိထားပြီးဖြစ်သော်လည်း ရန်ပုံငွေမရှိသောကြောင့် မဆောက်နိုင်သေးချေ။ကျေးရွာတွင်သောက်သုံးရေအတွက် ရေတွင်းများကိုအများဆုံးသုံးပြုကြသည်။ သောက်သုံးရေအတွက်လုံလောက်မှုရှိပါသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်သာအသုံးပြုကြသည်။ ကျန်းမာရေးအသိနည်း၍

ဝမ်းရောဂါများမကြာခဏဖြစ်ပွားတတ်သည်။စာသင်ကျောင်းတွင်လည်းကျောင်းသူကျောင်းသားများအတွက် ယင်လုံအိမ်သာဆောက်လုပ်ပေးထားသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။လူငယ်များသည်ကျေးရွာ၏သာရေး၊နာရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ဘာသာရေးနှင့်ယဉ်ကျေးမှုအတွက် ဓမ္မစကူးလ်သင်တန်းကျောင်းကိုတနင်္ဂနွေ နေ့ရက်တိုင်းတွင်သင်ကြားပေး လေ့ရှိသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအတွက်လူငယ်လူရွယ်များဦးဆောင်၍ဆောင်ရွက်ခြင်းမရှိသေးပေ။

(ဇ) **အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာချင်းဆက်လမ်းများကိုကတ္တရာလမ်းများဖြင့်ဆက်သွယ်ထားသောကြောင့်လမ်းပမ်း ဆက်သွယ် ရေးအဆင်ပြေသည်။ကျေးရွာရှိရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။ရွာတွင်းလမ်းများပေါ်တွင်သဲကျောက်တိုက်သောထော်လာ ဂျီနှင့်တုန်ဖုန်းကားများ မောင်းနှင်ကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို ၂၀၁၅ခုနှစ်မှစတင်၍ သွယ်တန်းခဲ့သော်လည်း၂၀၁၆ခုနှစ်မှသာမီးရရှိခဲ့ သည်။အိမ်ထောင်စုအများစုမှာလျှပ်စစ်မီးအသုံးပြုခဲ့ကြပြီး ကျန်အိမ်ထောင်စုများမှာဆိုလာနှင့် ဖယောင်းတိုင် မီးကိုသာအသုံးပြုကြသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍသည်ဈေးကွက်နှင့် အခြားလူမှုဝန် ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုလာကြသည်။ သတင်းစာဖတ်ရှုမှုမရှိသလောက် နည်းပါးသည်။ အိမ်ထောင်စုအားလုံးနီးပါးပင်မိုဘိုင်းဖုန်း သုံးစွဲကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့်ကုန်စည် ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ရဲစခန်းနှင့် အလွယ်တကူ ချိတ်ဆက်နိုင်သောကြောင့် လုံခြုံ မှုရှိသည်။ မိုးရာသီကာလချောင်းရေကြီးခြင်းနှင့်သဘာဝဘေးအန္တရာယ်အတွက်အနည်းငယ်စိုးရိမ်ရသည်။

**၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသုံးစွဲမှုကို လျော့ချစေပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ခြင်းတွင်အထောက်အပံ့ရရှိ၍ လူနေမှုအဆင့် အတန်း မြင့်မားရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။ ကျေးရွာတွင်းလမ်းပြု ပြင်ရန်ထောက်ပံ့ ပစ္စည်းများရှိသော်လည်းလုပ်အားပါဝင်မှုအားနည်းသည်။

ပညာရေးကိုဦးစားပေးသောခေတ်ဖြစ်လာသောကြောင့် ဆယ်တန်းအောင်ဘွဲ့ရများပိုမိုများ ပြားလာ သည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေများပြားသောကြောင့်ကျေးရွာအတွက်အခြေအနေကောင်း တစ်ရပ်ပင်ဖြစ်သည်။ (၁၀)တန်းအောင်ဘွဲ့ရများအတွက်အခွင့်အလမ်းများများပြား လာသော်လည်း အခြေခံ ပညာအားနည်းသောရွာသားများအတွက်အခွင့်အလမ်းနည်းပါးသည်။ကျေး ရွာလူထု၏ ကျန်းမာရေး အခြေ အနေမှာယေဘူယျအားဖြင့်ကောင်းမွန်ပြီးပံ့ပိုးဆေးဝါးပစ္စည်းများနှင့်ဝန်ဆောင်မှုများတွင်လည်းလက်လှမ်းမီ သည်။ ကျေးရွာစာသင်ကျောင်းတွင်ပံ့ပိုးပစ္စည်းများအတွက် လက်ရှိအနေအထားမှာ ကောင်းသော အဆင့် တွင်ရှိသည်။ သဘာဝအရင်းအမြစ်များတွင်လယ်မြေများ ၏မြေဆီလွှာမှာအတော်အသင့်ကောင်းမွန်သည်။

သစ်တောများစွာရှိသောကြောင့်အဆောက်အဦများဆောက်လုပ်ရန်အတွက်အဆင်ပြေသော်လည်းအသုံးပြုမှုများလာသောကြောင့်သစ်တောများ ပြုန်းတီးလာသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ကြသည်မှအပအခြားသယံဇာတများမထွက်ရှိပေ။ လယ်မြေများထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများမှာ ထွက်နှုန်းတိုးမြင့်အောင်သာ အားစိုက်ရပေသည်။ ကျေးရွာတွင်လူဦးရေတိုးပွားလာသည်နှင့်အမျှ အိမ်ခြံမြေများတိုးချဲ့နိုင်ခြင်းမရှိသဖြင့် အချို့လူများက မိမိလုပ်ငန်းနှင့်အဆင်ပြေသောဒေသများသို့ ပြောင်းရွှေ့သွားကြသည်ကို တွေ့ရသည်။ထိုသို့ပြောင်းရွှေ့သွားကြခြင်းကြောင့်လူ့စွမ်းအားအရင်းအမြစ်ယိုစီးခြင်းများနှင့် ရင်ဆိုင် နေရသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည်လမ်းပမ်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ဆေးရုံ၊ အဆောက်အဦ(သို့)ဆေးပေးခန်းတည်ဆောက်ခြင်းစသည့်ယာဉ်အန္တရာယ်နှင့်ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရမည်။

က.၂)**အကောင်အထည်ဖော်နည်းဗျူဟာ**.၂)ကျွန်ုပ်တို့ကျေးရွာလူထုသည်မူးယစ်ကင်းစင်ကျန်းမာရေးကောင်း၍စာပေပညာမှတစ်ဆင့်ထူးချွန်ထက်မြက်သောကလေးသူငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်လာစေရမည်။

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်-

ခ-၁) ကျေးရွာတွင်ရင်းနှီးငွေနည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်.။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ ၊ရင်းနှီးငွေရနိုင်ရန်အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ ရင်းနှီးငွေများရရှိပါကစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေးမွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်နည်းပညာဌာနများနှင့်ချတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများမှ တဆင့်ကျေးရွာတွင် ရရှိထားသည့်နည်းပညာများကိုမျှဝေပေးပြီးမိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများအတွက်အသုံးချပြီးထုတ်လုပ်မှုတိုးတက်စေရမည်။

ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ် ၊ဇာထိုး၊ပန်းထိုး ၊ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများ တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်ကျေးရွာလူငယ်များအတွက် ကျွမ်းကျင်မှုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းနှီးအစီစဉ်များချိတ်ဆက်ပေးမည်။

ခ-၃)     ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက် လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက် ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီးဘာသာရပ်အလိုက်ကျွမ်းကျင်သောမူလတန်းဆရာမများခန့်ထားနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် တံတားများ စသော အခြေခံ အဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်ကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများတွင်အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမို ရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါးအပြင် မြေပဲနှင့်ပဲပုတ်များကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်၊ တောင်သူများသည်စပါးစိုက်ပျိုးရာတွင်မိုးရေကိုသာအဓိကအားထားရသောကြောင့် ဆည်ရေရရှိရန်လိုအပ်နေသေးသည်။ စိုက်ပျိုးရေး၏ အဓိကပြဿနာမှာဖျက်ပိုးနှင့်ကြွက်အန္တရာယ်ဖြစ်သည်။ဖျက်ပိုးနှင့်ကြွက်အန္တရာယ်နှိမ်နင်းရန်နည်းစနစ်လိုသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကာတောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုခြင်းများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဆောင်ရွက်သင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်မျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည် ။ သို့သော်ငင်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာသတင်းအချက်အလက်များ အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လိုအပ်သော ရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆိုင်ခန်း(၃၀)ခန့်ရှိသောကျေးလက်ဈေးအသေးစားလေးတစ်ခုရှိပါသည်။ဆိုင်ခန်းများမှာ ပျဉ်ခင်း၊သွပ်မိုးဖြစ်ပါသည်။ကျေးရွာတွင်အမှိုက်စွန့်ပစ်ရန်ရွာ၏မြောက်ဘက်မိုင်ဝက်ခန့်တွင်အမှိုက် ကျင်းများတူးဖော်ထားပါသည်။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ ကျေးရွာအတွက်စိမ့်စမ်းရေနှင့် လမ်းကို လာရောက်ကြည့်ရှုပြီးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

**၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှု ဆိုင်ရာတွင် အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာ ကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင် ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအတွက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းများကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော ကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်း၊ တံတား** | | | | | |
| | ၁။ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း | ၁၀၀ | ၁ | . – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| | ၂။ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းရန် | ၉၀ | ၂ | | |
| | ၃။ ကျေးရွာတွင်းလမ်းပေါ်ရှိရေပြွန် (၁)စင်းတည်ဆောက်ခြင်း | ၆၁ | ၅ | | |
| **အခြား** | | | | | |
| | ၄။ အမှိုက်ကန်တည်ဆောက်ခြင်း | ၈၁ | ၃ | – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| | ၅။ မီးသဂြိုလ်စက်တည်ဆောက်ခြင်း | ၇၄ | ၄ | | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | —— | —— | | | |
| ၂။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၂ | | | —— | —— | |
| ၃။ အမှိုက်ကန်တည်ဆောက်ခြင်း | ၃ | | | | —— | —— |
| ၄။ မီးသဂြိုလ်စက်တည်ဆောက်ခြင်း | ၄ | | | | —— | —— |
| ၅။ ကျေးရွာတွင်း လမ်းပေါ်ရှိ ရေပြွန်(၁)စင်းတည်ဆောက်ခြင်း | ၅ | | | | | —— |

**၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">စီမံချက်</th><th rowspan="3">ရန်ပုံငွေ (သိန်း)</th><th colspan="4">ရင်းနှီးမြှုပ်နှံမှုအရအသုံးစရိတ်မှတ်ခြင်း(ကျပ်)</th></tr>
<tr><th rowspan="2">သာမန်အသုံးစရိတ်</th><th colspan="2">ငွေလုံးငွေရင်းအသုံးစရိတ်</th><th rowspan="2">လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု</th></tr>
<tr><th>ငွေလုံးငွေရင်းအ</th><th>စွမ်းဆောင်ရည်မြှင့်</th></tr>
</table>

| | | | | သုံးစရိတ် | တင်ရေး | |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ | | |
| ၂ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ | | |
| ၃ | အမှိုက်ကန်တည်ဆောက်ခြင်း | | | √ | | |
| ၄ | မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း | | | √ | | |
| ၅ | ကျေးရွာတွင်းလမ်းပေါ်ရှိရေပြွန်(၁)စင်း တည်ဆောက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်း ကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက် မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်

ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline)ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ—ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း(indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

